ဘဒ္ဒန္တက္ကန္ဒောဘာသ မထေရ်မြတ် (အနိစ္စဆရာတော်)

## အကုသိုလ်ဟိတ် သစ္စာလေးပါး တရားတော်

၁၀ ။ ၃ ။ ၂၀၁၁

**အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော။**

**အကု–အကု–ဟေ**–အရင် **'အကု'**က အကုသလော ဓမ္မော၊ အရင်**'အကု'**က ဘာတုံး(အကုသလော ဓမ္မော ပါဘုရား)၊ နောက် **'အကု'**က အကုသလဿ ဓမ္မဿတဲ့၊ **'ဟေ'**က ဟေတုပစ္စယေန ပစ္စယောတဲ့၊ အေး အဲဒါ အကုသိုလ်။

**အကုသလာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ ဟေတုပစ္စယေန ပစ္စယော။ ။**

နောက်တစ်ခါကျတော့ အဖြေက **'အကု–သံ–ခံ'**တဲ့၊ သုံးခုတည်း၊ **'သံ'**က သမ္ပယုတ္တ, **'ခံ'**က ခန္ဓာ–**သမ္ပယုတ္တခန္ဓာ** ဘာတဲ့တုံး(သမ္ပယုတ္တခန္ဓာပါဘုရား)၊ သူက အကုသိုလ်ဟိတ်နဲ့ယှဉ်တယ်၊ အကုသိုလ်နဲ့ အကုသိုလ်က လည်း–**သဟိတ်**၊ သဟိတ် အကုသိုလ်ပေါ့၊ အဟိတ်ကတော့ မျက်စိတွေ, နားတွေ, နှာခေါင်းတွေနော်၊ မျက်စိတွေ, နားတွေ, နှာခေါင်းတွေကပဲ လုပ်တဲ့ဟာလို့ ဆိုရမှာပါပဲ၊ ကုသိုလ်, အကုသိုလ်ဆိုတာက ဘာတုံး–**ကံ**။

**'အကုသိုလ်'**ဆိုတာ ဘယ်ဟာတုံး(လောဘ,

ဒေါသ, မောဟပါဘုရား)၊ လောဘ, ဒေါသ, မောဟဆိုတာ ဘာတုံး(အကုသိုလ်ပါဘုရား)၊ **'အကုသိုလ်'** ဆိုတာဘာတုံး– **ကံ**၊ **'ကံ'**ဆိုတာဘာတုံး–**လုပ်တာ**၊ **'ကံ'**ဆိုတာဘာတုံး (လုပ်တာပါဘုရား)၊ **ကရောတီတိ ကမ္မံ**–မဟုတ်ဘူးလား (မှန်ပါ့ဘုရား)၊ **ကရောတိ**–ပြုတတ်၏၊ **ဣတိတသ္မာ**– ထို့ကြောင့်၊ **ကမ္မံ**–ကံမည်၏၊ **ကာယေန**–ကိုယ်ဖြင့်၊ **ကတံ**– ပြုအပ်သော၊ **ကမ္မံ**–အမှုသည်၊ **ကာယကမ္မံ**–ကိုယ်ဖြင့် ပြုအပ်သောအမှု၊ နှုတ်နဲ့ကလည်းပြုတာပဲ၊ ဒကာမကြီးတို့ ကျတော့ နှုတ်ကပြောတယ်ပဲ ဖြစ်နေတယ်။

ဒီကျတော့–**အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ**၊ ဟုတ်ကဲ့လား(မှန်ပါ့ဘုရား)၊ **'ဟေတုပစ္စယေန ပစ္စယော'**ဆိုတာမှာ**'ဟေတု'**ဆိုတာက လောဘ, ဒေါသ, မောဟ၊ သူက–**ဟိတ်**၊ **'ဟိတ်'**ဆိုတာ ဟိတ်ဟန်ကြီးပေါ့၊ ဟိတ်ဟန်ကြီးတယ်ပေါ့၊ သူနဲ့ယှဉ်တာက–**သမ္ပယုတ္တ**၊ ဟိတ် မဟုတ်ဘူးနော်–**ခန္ဓာ**၊ သူနဲ့ယှဉ်တာက ဘာတုံး(သမ္ပယုတ္တ ခန္ဓာပါဘုရား)၊ ဘယ်ဟာတွေတုံး(ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ပါဘုရား)၊ အဲလိုမှတ်ထားနော်။

ကြက်ကြီးသတ်တယ်၊ ကြက်ဆိုတဲ့ သညာမရှိဘူး လား(ရှိပါတယ်ဘုရား)၊ ကဲ ခိုးတယ်ဆိုတော့ ပစ္စည်းတွေ မယူဘူးလား(ယူပါတယ်ဘုရား)၊ သူတကာ့အိမ်က, သူတကာ့

ဥစ္စာကို၊ မဟုတ်ဘူးလား(မှန်ပါ့ဘုရား)၊ ခိုးတယ်, ယူတယ် မဟုတ်လား၊ လုပ်တယ်မဟုတ်လား၊ သတ်တာကလည်း ကြက်တွေကို လည်လိမ်မချိုးဘူးလား(ချိုးပါတယ်ဘုရား)၊ ဆိတ်တွေလည်း သတ်တာပဲ၊ ဝက်တွေရော (သတ်ပါတယ် ဘုရား)၊ ငါးတွေရော(သတ်ပါတယ်ဘုရား)၊ အဲဒါဘာလုပ် တာတုံး–**အကုသိုလ်လုပ်တယ်**၊ ဟုတ်ကဲ့လား(မှန်ပါ့ဘုရား)။

ဒကာမကြီးတွေကတော့ မလုပ်ပါဘူး၊ ငါးရောင်းရင် တော့ နည်းနည်းပါးပါးလုပ်မှာ၊ ဒီပြင်ဟာတွေ ဘာတွေတော့ သတ်တာ သိပ်မလုပ်ဘူး၊ ခိုးတာတို့ဘာတို့, လိမ်ပြောတာတို့ ဘာတို့–အဲဒါ ဒကာမကြီးတွေ လုပ်တတ်တယ်ပေါ့၊ ဂရုစိုက်၊ အဲဒီ လောဘ, ဒေါသ, မောဟကြောင့် ခန္ဓာဆိုတဲ့ အကုသိုလ်ကြီးလုပ်သွားတယ်၊ သူနဲ့ယှဉ်တဲ့ခန္ဓာ–လောဘ, ဒေါသ, မောဟနဲ့ယှဉ်တာနော်၊ **'လောဘနဲ့ ယှဉ်တဲ့ သညာ'**ဆိုတာ ယူဖို့အမှတ်ပဲ၊ **'လောဘနဲ့ယှဉ်တဲ့ သညာ'** ဆိုတာ ဘယ်လိုဟာတုံး (ယူဖို့အမှတ်ပါဘုရား)၊ သူ့ဥစ္စာယူဖို့, သူ့ဆီကရအောင်ယူဖို့၊ မဟုတ်ဘူးလား (မှန်ပါ့ဘုရား)၊

မတရားယူဖို့, အဲလိုဟာမျိုး၊ မဟုတ်ဘူးလား (မှန်ပါ့ ဘုရား)၊ အဓိပ္ပါယ်ပေါ်အောင် ပြောရတာလေ၊ ဒါ ဓမ္မဓိဋ္ဌာန် ခေါ်တယ်၊ သူရယ်, ငါရယ်လို့မဟုတ်ဘူး၊ အဲဒါရှိတာကတော့ အကုသိုလ် သမ္ဘယုတ်ပဲ၊ ဟုတ်ကဲ့လား (မှန်ပါ့ဘုရား)။

**အကု–သံ–ခံ**–**'ခံ'**ကခန္ဓာ၊ **'ခံ'**ကဘာတုံး (ခန္ဓာပါဘုရား)၊ ဘာခန္ဓာတုံး(ဟိတ်နဲ့ယှဉ်တဲ့ခန္ဓာပါဘုရား)၊ အကုသိုလ်နဲ့ ယှဉ်တဲ့ခန္ဓာပေါ့၊ အကုသိုလ်က ဘယ်ဟာတုံး(လောဘ, ဒေါသ, မောဟပါဘုရား)၊ သူနဲ့ယှဉ်တဲ့ခန္ဓာက ဘယ်ဟာတုံး (ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ပါဘုရား)၊ ကြက်လို့အမှတ်မရှိဘူးလား(ရှိပါတယ်ဘုရား)၊ အဲဒါဘာတုံး (သညာပါဘုရား)၊ **'သညာ'**ဆိုတာကဘာတုံး–**သမ္ပယုတ္တခန္ဓာ**၊ ဂရုစိုက်နော်၊ အကြောင်းနဲ့အကျိုးက၊ ဟေတုက အကြောင်းလေ၊ မဟုတ်ဘူးလား(မှန်ပါ့ဘုရား)၊ **'အကုသလာဟေတူ'** လို့ မဆိုဘူးလား(ဆိုပါတယ်ဘုရား)၊ **'အကုသိုလ်အကြောင်း'**တဲ့၊ လောဘ, ဒေါသ, မောဟ၊ ဟုတ်ကဲ့လား(မှန်ပါ့ဘုရား)။

ပြီးတော့**'ခန္ဓာ'**ဖြစ်သွားတယ်–**သမ္ပယုတ္တခန္ဓာ**၊ ဒါ့ကြောင့် **'အကု–သံ–ခံ'**–အဲဒါလေးမှတ်ထား၊ ဒါကို မှတ်လိုက်လို့ရှိရင် **'အကုလာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ ဟေတုပစ္စယေန ပစ္စယော'**လို့ အဲလိုရသွားတယ်၊ မျက်စိမှိတ်ပြီး ညညဆိုရတဲ့ဟာမျိုး၊ ဟုတ်ကဲ့လား (မှန်ပါ့ဘုရား)၊ အစက ဆရာက အဲလိုလေး တိုတိုလေး ပြောလိုက်တယ်– **'အကု–သံ–ခံ'**လို့ ဒီလိုဆိုလိုက်တယ်၊ အဲလိုဆိုရင်– **အကုသလာ ဟေတူ သမ္ပယုတ္တ ကာနံ ခန္ဓာနံ ဟေတုပစ္စယေန ပစ္စယော**၊ အဲဒါကတော့ ပါဠိရသွားတယ်။

**'အကုသိုလ်'**ဆိုတာ ဘယ်ဟာတုံး(လောဘ, ဒေါသ, မောဟပါဘုရား)၊ **'သမ္ပယုတ္တခန္ဓာ'**ဆိုတာ ဘယ်ဟာတုံး (ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ပါဘုရား)၊ လိမ်ချိုး လိုက်တာက မပြုပြင်ဘူးလား (ပြုပြင်ပါတယ်ဘုရား)၊ ဟို ကြက်ကလေးကတော့ တော်တော်ခံစားရပြီ၊ သေဖို့ခံစား ရတယ်၊ ဒီကတော့ လုပ်တဲ့ခံစားတာ၊ ဟုတ်ကဲ့လား(မှန်ပါ့ ဘုရား)၊ လုပ်တဲ့ခံစားတာဆိုတာ နိုင်တော့ မပျော်ဘူးလား (ပျော်ပါတယ်ဘုရား)၊ ပျော်ရင် သောမနဿပေါ့၊ ဒါကြက် ကလေးမို့ နည်းနည်းလေးနဲ့နိုင်တာ။

နွားကျတော့ တော်တော်နဲ့ မနိုင်ဘူး၊ ဟုတ်ကဲ့လား (မှန်ပါ့ဘုရား)၊ ပုဆိန်ကြီးနဲ့ ခေါင်းကြီး, ငယ်ထိပ်ကြီးထုရတာ၊ ဒကာမကြီးတို့ ထုဝံ့သလား(မထုဝံ့ပါဘုရား)၊ ကဲ သားတွေ သမီးတွေက ထမင်းမစားရသေးဘူး၊ ထမင်းမချက်ရသေး ဘူး၊ နွားကလည်း ကိုယ့်နွားမဟုတ်ဘူး၊ တခြားရွာက ခိုးလာတဲ့ဟာ၊ တောမှာ–တောမှာပေါ့၊ ဒကာမကြီးတို့ မြို့ကတော့ အဲလိုမခိုးပါဘူး၊ ဟိုက စားစရာကိုမရှိတာ။

နွားကြီးဘာနဲ့ထုသတုံး (ပုဆိန်နဲ့ထုပါတယ်ဘုရား)၊ ပုဆိန်နဲ့ထုတယ်ဆိုတာ ဘယ်လိုဟာတုံး–**လုပ်တာ**၊ ကာယကံလုပ်တာနော်၊ **'ကံ'**ကိုလုပ်တာမှန်းသိအောင်လို့၊ ဟုတ်ကဲ့လား(မှန်ပါ့ဘုရား)၊ **'ကံ'**ဆိုတာက–**ကရောတီတိ**

**ကမ္မံ၊** ဟိုကအဘိဓမ္မာတွေကျတော့ စေတနာတွေ ဘာတွေ၊ ဒကာမကြီးတို့ ထင်ရှားအောင်လို့၊ ဒကာမကြီးတို့က မလုပ်ပါဘူး။

ဟို ဒကာကြီးတွေလုပ်တာ၊ သူတို့မှာက သံယောဇဉ်တွေရှိတယ်၊ သားသမီးတွေ ဘာတွေက၊ ထမင်းကမချက်ရသေးဘူး၊ အညာမှာ–အညာမှာဆိုပါတော့၊ မဟုတ်ဘူးလား၊ မရှိတော့ ဘယ့်နှယ့်လုပ်မတုံး၊ သေကုန်တော့မှာပဲ၊ နှစ်ရက်, သုံးရက်မခံဘူး၊ မဟုတ်ဘူးလား (မှန်ပါ့ဘုရား)၊ **'ဥပ္ပန္န'**တဲ့၊ **ပါဏံ**–သတ္တဝါ၊ ပညတ်အားဖြင့် သတ္တဝါဆိုတော့–**'နွား'** ဖြစ်သွားတယ်၊ ပရမတ္ထအားဖြင့် ဇီဝိတိန္ဒြေဆိုတော့–**'ရုပ်'** ဖြစ်သွားတယ်၊ ကိုယ်လည်း မောပြီးတော့, လေတွေဘာတွေ မရှူနိုင်တော့ မမောဘူးလား (မောပါတယ်ဘုရား)၊ မောပြီးတော့ မသေဘူးလား (သေပါတယ်ဘုရား)၊ လေမရှူနိုင်ရင် မသေဘူးလား (သေပါတယ်ဘုရား)။

**လေရှူလို့သာ လူဖြစ်တာ၊ လေမရှူ လူမဖြစ်၊ စင်စစ်မှတ်ကုန်ရာသတည်း။**

**လေရှူလို့သာ သတ္တဝါ၊ လေမရှူ သတ္တဝါ မဖြစ်၊ စင်စစ်မှတ်ကုန်ရာသတည်း။**

လေမရှူနိုင်တော့မောတယ်၊ အမောဆို့ပြီးတော့ တုံးဆိုပြီး နွားကြီးလဲသွားတယ်၊ ဝက်ကြီးတွေလည်း ဒီလိုပါပဲ၊

အဲဒါ ဘာလုပ်တာတုံး–**'ပါဏံ ဟန္တာ'**လို့ စာကလည်း ဒီလိုဆိုတာ၊ ဟုတ်ကဲ့လား(မှန်ပါ့ဘုရား)၊ သတ္တဝါသတ်တယ် ဆိုတာ ဘာကံတုံး(ကာယကံပါဘုရား)၊ **ကာယကံ**–မဟုတ်ဘူးလား(မှန်ပါ့ဘုရား)၊ အဲဒါလေးတွေ ဆင်ခြင်။

**'အကုသလော'**က အဲဒီ့အကုသိုလ်ကံ၊ **'သညာ ကၡန္ဓာ'**က နွားလို့ အမှတ်ရှိတတ်တယ်၊ ဟုတ်ကဲ့လား (မှန်ပါ့ဘုရား)၊ ဝမ်းထဲက **'သင်္ခါရကၡန္ဓာ'**က သတ်ဟဲ့, သတ်ဟဲ့လို့ တိုက်တွန်းနေတယ်၊ ဟုတ်ကဲ့လား (မှန်ပါ့ဘုရား)၊ မင်းမ သတ်လို့ရှိရင် မင်းမယားနဲ့, သားသမီးတွေ မစားရဘူး၊ ဟုတ်ကဲ့လား၊ အဲလိုဟာတွေ၊ နွားကလည်း မဝယ်နိုင်ဘူး၊ ခိုးလာရတဲ့ဟာ–**အဒိန္နာဒါန၊** သားသမီးတွေက, သမီးတွေမှာ ထမီလေးကလည်း အစုတ်ကလေးနဲ့, မရှိကြဘူး၊ အဲလိုသတ္တဝါတွေ။

အဲဒါ **'ဟေတု ပစ္စယေန'**–ဟေတုပစ္စည်းဖြင့်၊ ဒါက **'ဟေတုပစ္စည်း'**ဆိုတာ လောဘ, ဒေါသ, မောဟကြောင့် အဲဒီလိုသတ်ရတဲ့ခန္ဓာ ဖြစ်သွားတယ်တဲ့၊ ဟုတ်ကဲ့လား(မှန်ပါ့ဘုရား)၊ **'ခန္ဓာဖြစ်သွားတယ်'**ဆိုတာ ဇာတိ, ဇရာ, မရဏပေါ့၊ **'ကံ'**ကတော့–**ကမ္မဘဝ ပစ္စယာ** (ဇာတိ, ဇရာမရဏပါဘုရား)၊ အဲသလိုသွား၊ ပဋ္ဌာန်းနဲ့, ပဋိစ္စသမုပ္ပါဒ်နဲ့၊ အဲသလိုသွားမှ တော်တော်ရှင်းတယ်၊

သို့မို့လို့ရှိရင် မရှင်းဘူး၊ ဟိုလိုချပေးလိုက်ရင် ဟိုလိုပဲ သိတယ်၊ အခုဟာက ဝိပဿနာလည်း ဖြစ်သွားတယ်။

**ပစ္စယော**–ကျေးဇူးပြုသည်၊ **ဟောတိ**–ဖြစ်၏၊ **'ဟောတိ'**ကို ဘယ်လိုအနက်ပေးတုံး(ဖြစ်၏ပါဘုရား)၊ ကဲ အဲဒါ**'ပစ္စယာနုလောမ'**ခေါ်တယ်၊ ဒါ **'ဝိဘင်္ဂဝါရ'** ဆိုတာ ဝေဖန်ရတယ်၊ ဟုတ်တယ်မဟုတ်လား၊ **'ဝိဘင်္ဂ'** ဆိုတာ ဒီလိုဝေဖန်တာ၊ ရိပ်မိပြီလား(ရိပ်မိပါပြီဘုရား)။

**ဟောတိ**–ဘာတဲ့တုံး(ဖြစ်၏ပါဘုရား)၊ ဖြစ်ရင် ဘယ်လိုနေမတုံး–**ပျက်တယ်**၊ ဖြစ်ရင်ပျက်တယ်၊ ဒကာမကြီးတို့သတ်သလား(မသတ်ပါဘူးဘုရား)၊ **'ဟောတိ'** ဟုတ်ကဲ့လား(မဟုတ်ပါဘုရား)။

**န ဟောတိ**–မဖြစ်ဘူး၊ **'မဖြစ်တာ'**ဘာတုံးဆိုတော့ **'ပစ္စနီက'**ခေါ်တယ်၊ မဟုတ်ဘူးလား၊ **'ပစ္စနိက်'**ခေါ်တယ်၊ ပစ္စယာနုလောမတဲ့, ပစ္စနီကတဲ့၊ နောက်တစ်ခါ နှစ်ခုတွဲလိုက်သေးတယ်၊ ရှေ့နောက်တွဲလိုက်တော့ လေးခုဖြစ်သွားတယ်၊ ဟုတ်ကဲ့လား(မှန်ပါ့ဘုရား)၊ အဲဒါဂရုစိုက်၊ **'မဖြစ်တာ'** ဘာတုံး(အသခ်တပါဘုရား)၊ အဲဒီလို၊ အဲဒီလောက်ကလေး လောက်၊ ဒါပေမယ့် စားစရာမရှိရင် အဲဒီလိုဖြစ်သွားတယ်၊ စားစရာဖြည့်ရတာ ကိုယ့်ရဲ့ အသက်အတွက် မဟုတ်လား (မှန်ပါ့ဘုရား)။

ဟိုကလည်း အသက်ပဲ၊ ကိုယ့်အသက်အတွက် သူ့အသက်ကိုမညှာနိုင်ဘူး၊ မဟုတ်ဘူးလား(မှန်ပါ့ဘုရား)၊ ဒီကလည်း ကိုယ့်အသက်၊ ဟိုကလည်း သူ့အသက်၊ သူတို့က ဘာတွေတုံးဆိုတော့ ပုထုဇဉ်တွေဖြစ်သွားတယ်၊ အရိယာတွေ ဘာတွေကျတော့ ကိုယ့်အသက်ကို အသေခံနိုင်တယ်၊ သူတကာ့အသက်ကို မသတ်ဘူး၊ ဒါ့ကြောင့် အရိယာလို့ ခေါ်တာပေါ့၊ မဟုတ်ဘူးလား(မှန်ပါ့ဘုရား)။

ဒကာမကြီးတို့ သတ်ချင်သလား, မသတ်ချင်ဘူးလား(မသတ်ချင်ပါဘူးဘုရား)၊ မသတ်ချင်ရင် အရိယာဖြစ်တယ်၊ မသတ်ရင် ဘာဖြစ်တုံး (အရိယာဖြစ်ပါတယ်ဘုရား)၊ ကဲ အင်္ဂုလိမာလကြီးကို ဘုရားက တရားဟောပြီးတဲ့အခါ သူသတ်သေးလား (မသတ်တော့ပါဘူးဘုရား)၊ မသတ်ရင် ဘာဖြစ်တုံး(အရိယာဖြစ်ပါတယ်ဘုရား)၊ မသတ်တာနဲ့, မဖြစ်တာနဲ့ ဘာထူးတုံး (မထူးပါဘုရား)။

**'မဖြစ်တာ'**က ဘာတရားတုံး(အသင်္ခတတရားပါဘုရား)၊ **'ဖြစ်တာ'**က ဘာတရားတုံး (သင်္ခတတရားပါဘုရား)၊ **'သင်္ခတ'**ဆိုတော့ ဘာရတုံး–စိတ်, စေတသိက်, ရုပ်၊ **'အသင်္ခတ'**က ဘာရတုံး (နိဗ္ဗာန်ပါဘုရား)၊ အဲဒါ မဖြစ်မပျက်။

**ဟေတုပစ္စယေန ပစ္စယော၊ ဟေတုပစ္စယေန–**

ဟေတုပစ္စည်းဖြင့်၊ **ပစ္စယော**–ကျေးဇူးပြုသည်၊ **ဟောတိ**–ဖြစ်၏၊ အဲဒါပဲ၊ နောက်ဆုံးပိတ်၊ အဲဒါဝေဖန်တာ။

ဖြစ်တော့ ဘာတွေဖြစ်သွားတုံး–ငရဲဖြစ်သွားမှာပေါ့၊ ခုတော့ စားစရာဖြစ်သွားမှာပေါ့၊ မဟုတ်ဘူးလား (မှန်ပါ့ဘုရား)၊ စားတာဖြစ်မှာပေါ့၊ သောက်တာဖြစ်မှာပေါ့၊ ငရဲကျတော့ ဟိုဟာဖြစ်လိမ့်မယ်။ နောက်ကျ, အဗျာကတကျတော့ ပဋိသန္ဓိက္ခဏေတွေ ပါလိမ့်မယ်၊ ဟုတ်ကဲ့လား(မှန်ပါ့ဘုရား)၊ အခု အဲဒါ ပစ္စုပ္ပန်တင်ပဲ၊ နိဗ္ဗာန် ဘယ်လိုရတယ်လို့ မှတ်မိရဲ့လား(မှတ်မိပါပြီဘုရား)၊ နိဗ္ဗာန်ဆိုတာ ဘာလိုဟာတုံး (မဖြစ်တာပါဘုရား)၊ မဖြစ်တာ–**အသင်္ခတ န ဟောတိ**၊ ကဲ ဘယ်သွားရှာနေရသေးတုံး (မရှာရပါဘူးဘုရား)၊ ပဋ္ဌာန်း ထဲရှာလိုက်၊ မတွေ့ဘူးလား (တွေ့ပါတယ်ဘုရား)၊ ဘယ် နေရာရှာတုံး–**ဟောတိ, န ဟောတိ**၊ အဲဒါဘုရား, ရဟန္တာ တွေ ဘာတွေ့တုံး–**'မဖြစ်တာတွေ'** တွေ့တာပေါ့။

**'မဖြစ်တာ'**ဆိုတာ ဘာဖြစ်လို့မဖြစ်တုံး–**မလုပ်လို့**၊ မဟုတ်ဘူးလား(မှန်ပါ့ဘုရား)၊ **'လုပ်တယ်'**ဆိုတာ ဘာတုံး–**ကံ**၊ အဲဒီ ကံဟာ ဘာကြောင့်ဖြစ်သတုံး၊ ပဋိစ္စသမုပ္ပါဒ် ကျတော့–**ဥပါဒါန ပစ္စယာ**(ကမ္မဘဝပါဘုရား)၊ **အဝိဇ္ဇာ ပစ္စယာ** (သင်္ခါရပါဘုရား)၊ အဲဒီ အထိသွားတယ်၊ နိဗ္ဗာန် ကိုတစ်ခါတည်း မတွေ့ဘူးလား(တွေ့ပါတယ်ဘုရား)၊ ပဋ္ဌာန်း နဲ့ ရှာတော့မှ တွေ့သွားတယ်။

ပြီးတော့ အဲလိုသတ်တာက သစ္စာလေးပါး သူမသိဘူးဆိုရင် အဝိဇ္ဇာမရှိဘူးလား(ရှိပါတယ်ဘုရား)၊ **'ဖြစ်တာ'**က ဘာသစ္စာတုံး(ဒုက္ခသစ္စာပါဘုရား)၊ **'မဖြစ်တာ'**က ဘာသစ္စာတုံး(နိရောဓသစ္စာပါဘုရား)၊ **'ဖြစ်ကြောင်း'**က ဘာသစ္စာတုံး(သမုဒယသစ္စာပါဘုရား)၊ **'မဖြစ်ကြောင်း'**က ဘာသစ္စာတုံး (မဂ္ဂသစ္စာပါဘုရား)။

အဲဒီလို–**သစ္စာလေးပါး**၊ ဘယ်သူကပြသတုံး–ပဋ္ဌာန်းတရားကပြတယ်၊ ပဋိစ္စသမုပ္ပါဒ်ကပြတယ်၊ မဟုတ်ဘူးလား၊ ကဲ ယုံမှားသေးလား(မယုံမှားပါဘူးဘုရား)၊ အခုဖြစ်နေသလား, သတ်နေသလား(မဖြစ်ပါဘူးဘုရား)၊ လောဘ, ဒေါသဆိုတာဖြစ်လို့ရှိရင် သူကအလုပ်လုပ်ရတယ်၊ လောဘ, ဒေါသဖြစ်အောင်, အကုသိုလ်ဖြစ်အောင် မလုပ်ရဘူးလား(လုပ်ရပါတယ်ဘုရား)၊ သူနဲ့ ဆန့်ကျင်ဘက်ကတော့ ဘာတုံး–**'မလုပ်ရတာ'**ကို ခေါ်တယ်၊ ဟုတ်ကဲ့လား (မှန်ပါ့ဘုရား)။

**'ကုသလာကုသလံ ကမ္မံ'** မဟုတ်ဘူးလား (မှန်ပါ့ဘုရား)၊ **'ကုသလာကုသလံ ဖဟံ'**ဆိုတော့ လုပ်ရသေးလား(မလုပ်ရပါဘူးဘုရား)၊ အဲလိုဟာမျိုး။

ပဋ္ဌာန်းထဲက ကုသိုလ်အကုသိုလ်ကြောင့် ဘာတွေဖြစ်နေတုံး–သတ္တဝါတွေဖြစ်နေတယ်၊ အဲဒီပဋ္ဌာန်းဆိုတာ ဘာတုံး–**အကြောင်း**၊ အကြောင်းအကျိုး၊ ပဋ္ဌာန်းမရှိရင်

ဘာရှိသေးတုံး၊ အဲဒါစဉ်းစားလေ၊ ဉာဏ်ထဲမှာ၊ မဟုတ်ဘူးလား၊ အဲဒါ **'န ဟေတု'** မှာပါနေတယ်၊ **န ဟေတု**–ဘာတဲ့တုံး(မဖြစ်တာပါဘုရား)၊ **'ဟေတု'**က ဘာတဲ့တုံး (ဖြစ်၏ပါဘုရား)၊ အခုဖြစ်မနေဘူးလား (ဖြစ်နေပါတယ် ဘုရား)၊ ဒါပေမယ့် အကုသိုလ်ကံတွေ ဖြစ်နေသလား (မဖြစ်ပါဘူး ဘုရား)။

တကယ်လို့ အရေးကြုံလာတဲ့အခါကျရင် အကုသိုလ်မဖြစ်ဘူးဆိုရင် ဘယ်ရောက်မှာတုံး (နိဗ္ဗာန် ရောက်မှာပါဘုရား)၊ အဲလိုကြည့်ပြီး ကိုယ်သေခါနီးမှာ အကုသိုလ် မရှိဘူး, မရှိဘူး၊ ဟုတ်ကဲ့လား(မှန်ပါ့ဘုရား)၊ အကုသိုလ် မဖြစ်ဘူးဆိုရင် ဒါ ဇာတိကုန်မသွားဘူးလား (ကုန်သွားပါတယ်ဘုရား)၊ **'အဇာတိ'** ဖြစ်သွားတယ်။ အဲလိုဟာမျိုးကျတော့ **'ကေဗလီ'**လို့ခေါ်သွားတယ်၊ သောတာပန်ကလည်း ကေဗလီ ပြောင်းလိုက်ရင် ရဟန္တာ ဖြစ်သွားတာပဲ၊ နောက်ဘဝမကူးတာ၊ ဉပမာ–နောက်ဘဝတို့, ရှေ့ဘဝတို့ထားပါတော့၊ အဲဒါဘာတွေတုံး–**'ဟေတု'**ကလွတ်ရဲ့လား (မလွတ်ပါဘုရား)၊ **'ဟေတု'**ကဖြစ်တယ်၊ ဖြစ်တယ်လို့ဆိုလို့ရှိရင်, နောက်ဘဝဖြစ်တယ်လို့ဆိုရင် **'သဿတ'**ကဖြစ်တာတွေ၊ ဟုတ်ကဲ့လား(မှန်ပါ့ဘုရား)၊ မဖြစ်ဘူးဆိုရင် ဘယ်ဟာတုံး–**'ဉစ္ဆေဒ'** က, မဖြစ်တာတွေက ဒီလိုဟာမျိုး ဟုတ်ကဲ့လား (မှန်ပါ့ဘုရား)၊ အဲဒါဖြစ်တာနဲ့မဖြစ်တာ၊ အဲဒီ

လောက် အရေးကြီးတယ်၊ ဟုတ်ကဲ့လား(မှန်ပါ့ဘုရား)။

မကြားဖူးလို့ရှိရင် တော်တော်အရေးကြီးတာ၊ တရားသာ မကြားဖူးလို့ရှိရင် ဒကာမကြီးတို့ နိဗ္ဗာန်ကို လိုက်ရှာလို့ကို မရဘူး၊ နိဗ္ဗာန်ကိုလိုက်ရှာလို့ရမလား(မရပါဘူးဘုရား)။

အခု**'အကု-အကု-ဟော'**လို့ဆိုလိုက်စမ်း**(အကု-အကု-ဟော)**၊ ပါဠိကို ဆိုလိုက်စမ်း(အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော)၊ အဖြေကို ဆိုလိုက်စမ်း (အကုသလာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ ဟေတုပစ္စယေန ပစ္စယော)၊ ဒါပဲ-ဟိတ်ကြောင့် အကုသိုလ်ဖြစ်တာပဲ၊ ဆဲတာတို့, လိမ်ပြောတာတို့၊ မဟုတ်ဘူးလား၊ ကဲ ဘာခက်တာမှတ်လို့လဲ၊ စင်စစ်က ကိုယ့်မှာ အကုသိုလ်မဖြစ်ဖို့ပဲ အရေးကြီးတယ်၊ မဖြစ်ဆိုတာ ဒီလိုသိလိုက်ရင် မဖြစ်ဘူး၊ ဟုတ်တယ်မဟုတ်လား(မှန်ပါ့ဘုရား)၊ သိလိုက်ရင် ဘာဖြစ်သွားတုံး-ပယ်သွားတယ်၊ သိလိုက်ရင် ဘာဖြစ်သွားတုံး (ပယ်သွားပါတယ်ဘုရား)၊ ပြီးတော့ မဖြစ်တာကြီး မဆိုက်ဘူးလား(ဆိုက်ပါတယ်ဘုရား)၊ ပြီးတော့ မဖြစ်တာကြီးကိုပွားမနေဘူးလား (ပွားနေပါတယ်ဘုရား)၊ အဲဒါ **'သိ-ပယ်-ဆိုက်-ပွား'**တဲ့၊ ဒီလိုဟာပဲ၊ ဒါပဲ။

အဲဒါလေးကိုပဲ ရှုပ်ကြီးရှုပ်ပွေ ဖြစ်နေကြတယ်၊ ကိုယ့်ကိုယ်ကို စမ်းကြည့်ပါလား၊ ရှုပ်ကြီးရှုပ်ပွေဖြစ်မနေဘူးလား(ဖြစ်နေပါတယ်ဘုရား)၊ ဘယ်ဟာတုံးဟ, ဘယ်ဟာ

တုံးဟာနဲ့ ဝိစိကိစ္ဆာတွေမများဘူးလား (များပါတယ်ဘုရား)၊ အခုများသေးလား(မများတော့ပါဘူးဘုရား)၊ ဘယ်ဟာက ပြတုံး–**'ဟောတိ'**ကပြတယ်၊ **ဟောတိ**–ဖြစ်၏တဲ့၊ ကဲ ဘာခက်တာမှတ်လို့၊ အဲဒါ သမ္ပယုတ္တခန္ဓာနော်၊ **အကု–သံ–ခံ**–သုံးလုံးတည်းရယ်။

**အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော။**

**အကုသလာ ဟေတူ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။ ။**

အကု–ဗျာ–ဟေ၊ အကု–စိတ္တ–သ–ရူ၊ ဟိုက အကု–အကု–ဟေ၊ ဒီက အကု–ဗျာ–ဟေ၊ ဟုတ်ကဲ့လား၊ **အကုသလော ဓမ္မော**–ဆိုလိုက်စမ်း နှစ်ခေါက်လောက် (အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော)၂။

ဟို မျက်စိတွေ, နားတွေက ဝိပါက် အဗျာကတ နော်၊ ဒီ အဗျာကတက ရုပ်အဗျာကတ၊ **စိတ္တသမုဋ္ဌာနာနံ ရူပါနံ**–စိတ်ကြောင့်ဖြစ်တဲ့ရုပ်၊ လက်ကြီးနဲ့, ဓါးကြီးနဲ့ မခုတ်ဘူးလား(ခုတ်ပါတယ်ဘုရား)၊ အဲဒါဘာတုံး (စိတ်ကြောင့်ဖြစ်တဲ့ရုပ်ပါဘုရား)၊ လှံကြီးနဲ့ မထိုးဘူးလား (ထိုးပါတယ်ဘုရား)၊ သေနတ်ကြီးနဲ့ကော, ဒိန်းဆိုပြီး လက်ကြီးနဲ့ မကောက်ဘူးလား (ကောက်ပါတယ်ဘုရား)၊ အဲဒါဘာတုံး

ဘဒ္ဒန္တကုဏ္ဍေဘာသ မထေရ်မြတ် (အနိစ္စဆရာတော်)
(စိတ်ကြောင့်ဖြစ်တဲ့ ရုပ်ပါဘုရား)။ **စိတ္တသမုဋ္ဌာနရုပ်**–အဲဒါ အဗျာကတခေါ်တယ်၊ ကုသိုလ်လား, အကုသိုလ်လား (မဟုတ်ပါ, အဗျာကတပါဘုရား)။

အဲဒီလိုရှင်းတာ၊ ရှင်းရှင်းလေးရယ်၊ အကုသိုလ်ပေမယ့် နာမ်အဗျာကတမဟုတ်ဘူး၊ ဘာအဗျာကတတုံး (ရုပ်အဗျာကတပါဘုရား)၊ ဒါပေမယ့် အကုသိုလ်ကင်းရဲ့လား(မကင်းပါဘုရား)၊ ဒါကြောင့် –**စိတ္တသမုဋ္ဌာနရုပ်**၊ မဟုတ်ဘူးလား(မှန်ပါ့ဘုရား)၊ အကုသိုလ်စိတ်နဲ့ ယှဉ်တဲ့ရုပ်၊ သိပြီလား။

ဆွမ်းတော်လေးကပ်တာတို့, ဝေယျာဝစ္စလေး လုပ်တာတို့က ဘာရုပ်တုံး–**ကုသိုလ်စိတ်နဲ့ ယှဉ်တဲ့ရုပ်**၊ မဟုတ်ဘူးလား၊ အဲလိုခွဲ၊ ရုပ်ဆိုရင် ဘာတရားတုံး( အဗျာ ကတတရားပါဘုရား)၊ ကဲ အဗျာကတတရားကြီး။

အဗျာကတတရား ဘယ်သူလုပ်တာတုံး–**'ဟိတ်'** ကပဲလုပ်တာ၊ ကုသိုလ်, အကုသိုလ်ကပဲ လုပ်တာမဟုတ် လား၊ မျက်စိတွေ, နားတွေ ဘယ်သူက လုပ်တုံး (ကုသိုလ်, အကုသိုလ်က လုပ်ပါတယ်ဘုရား)၊ အဲဒီအဗျာကတကြီးက ဘာတွေထွက်နေတုံး–ကုသိုလ်, အကုသိုလ်တွေ ထွက်နေ တယ်၊ မျက်စိတွေ, နားတွေက ကုသိုလ်, အကုသိုလ် မထွက်ဘူး, **န ဟောတိ**–မဖြစ်ဘူးဆိုရင် ဘာဖြစ်မတုံး (နိဗ္ဗာန်ပါဘုရား)၊ ဒါ ဝိပဿနာနဲ့တွဲပြောနေတယ်၊ ရိပ်မိ

လား၊ မျက်စိတွေက လောဘ, ဒေါသတွေ မထွက်ဘူးလား (ထွက်ပါတယ်ဘုရား)၊ နောက်ကျတော့ အဗျာကတော ဓမ္မော အကုသလဿ ဓမ္မဿတွေ ဘာတွေ လာလိမ့်မယ်၊ ဟုတ်ကဲ့လား(မှန်ပါ့ဘုရား)၊ အဲလိုဟာမျိုး။

နိဗ္ဗာန်ဆိုတော့ အကုသိုလ်မဖြစ်တော့ မငြိမ်းဘူးလား (ငြိမ်းပါတယ်ဘုရား)၊ မဖြစ်တာကိုသွားပြီးတော့ ဂရုစိုက်၊ ကိုယ်ကိုယ်တိုင်လည်း မဖြစ်တာကို မျက်မှောက်ပြုနိုင်တယ်၊ ရာဂတွေဖြစ်နေသလား(မဖြစ်ပါဘူးဘုရား)၊ ဖြစ်အောင် ဘယ်လိုလုပ်ရတုံး–**လုပ်မှဖြစ်တယ်**၊ ဘာဖြစ်လို့တုံး ဆိုတော့ **'ကံ'**ကို၊ မဟုတ်ဘူးလား(မှန်ပါဘုရား)၊ မလုပ်ဘဲနေရင် (မဖြစ်ပါဘူးဘုရား)၊ ကဲ**'မဖြစ်တာ'**ဘာတရားတုံး (နိဗ္ဗာန်ပါဘုရား)၊ အဲဒါသိလို့ မဖြစ်ဘဲနေတယ်၊ ရိပ်မိပြီလား (ရိပ်မိပါပြီဘုရား)၊ နိဗ္ဗာန်သိလို့ မဖြစ်ဘဲ, မသတ်ဘဲနေတာ၊ ဒကာမကြီးတို့ မဟုတ်ဘူးလား(မှန်ပါ့ဘုရား)၊ အဲသလို ဉာဏ်က ထုတ်မှ။

ပဥ္စာန်းကိုရွတ်ရတာက အန္တရာယ်ကင်းဖို့တင် မဟုတ်ဘူး၊ ဘုရားဟောတာက ငါသစ္စာလေးပါးသိရင် သတ္တဝါတွေလည်း သိလိမ့်မယ်ဆိုပြီးတော့ သူလုပ်လာတဲ့ဟာ၊ ဒကာမကြီးတို့က ဘေးကင်းရန်ကင်းလေးပဲ လုပ်နေတယ်၊ ပိုက်ဆံတွေရဖို့ပေါ့၊ အောင်မာ ကံကောင်းဖို့ဘာဖို့နဲ့၊ ပိုက်ဆံတွေရတော့, ကံကောင်းတော့ ကာမဂုဏ်ပဲရှိမှာပဲ, လုပ်မှာပဲ၊ အနိစ္စ, ဒုက္ခနဲ့၊ ဟုတ်ကဲ့လား(မှန်ပါ့ဘုရား)။

**အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော**။ ဒါ အကု-ဗျာ-ဟေ၊ ဟုတ်ကဲ့လား(မှန်ပါ့ဘုရား)။

**အကုသလာ ဟေတူ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။ ။**

**ပစ္စယော**-ကျေးဇူးပြုသည်၊ **ဟောတိ**-ဖြစ်၏၊ အဲဒါဂရုစိုက်၊ **'ဖြစ်တာ'**ကို ဂရုစိုက်ပါမှပေါ့၊ **'ဖြစ်တာ'** ဘာသစ္စာတုံး(ဒုက္ခသစ္စာပါဘုရား)၊ **'မဖြစ်တာ'** ဘာသစ္စာတုံး (နိရောဓသစ္စာပါဘုရား)၊ ကဲ အဲဒီထဲ မရှိဘူးလား, ရှိသလား (ရှိပါတယ်ဘုရား)၊ အဲဒါ-**ပစ္စယာနုလောမဝိဘင်္ဂဝါရ**၊ ဝေဖန်ရတယ်၊ အဲသလိုဝေဖန်မှ ပေါ်လာတယ်၊ ကဲ ပဋ္ဌာန်းကို တို့ တစ်သက်လုံးချလာတာ နိဗ္ဗာန်ပေါ်ရဲ့လား (မပေါ်ပါဘူး ဘုရား)၊ ဘာဖြစ်လို့တုံးဆိုတော့ **'န ဟောတိ'**မှ မရောက်ဘဲ၊ **ဟောတိ**-ဖြစ်၏, ဒါပဲသိတယ်၊ ဒီ့ပြင်ဝေမှ မဝေဖန်ဘဲနဲ့၊ မဟုတ်ဘူးလား(မှန်ပါ့ဘုရား)။

ခုတော့ ဝေဖန်လိုက်တော့ မဖြစ်ဘူးလား, ဖြစ်သလား(ဖြစ်ပါတယ်ဘုရား)၊ နိဗ္ဗာန်မရောက်ဘူးလား, ရောက်သလား(ရောက်ပါတယ်ဘုရား)၊ အဲဒါ နတ်တွေလိုပဲ ရောက်ကုန်ပြီ၊ အဲလိုကြားဖူးတဲ့သူက အကုသိုလ်မှန်း သိသွားပြီ၊ မလုပ်တော့ဘူး၊ ဟုတ်ကဲ့လား(မှန်ပါ့ဘုရား)၊ သူတကာ တပည့်တွေက ဆရာတွေ ဘာတွေ ကြိုက်အောင် လုပ်တတ်

တယ်၊ မလုပ်နဲ့, အကုသိုလ်များတယ်၊ အကုသိုလ်မှန်း သိပြီလား (သိပါပြီ ဘုရား)၊ အကုသိုလ်ဆိုတာ ဘယ်ဟာတုံး (လောဘ, ဒေါသ, မောဟပါဘုရား)။

လိုချင်တော့ မလုပ်ဘူးလား(လုပ်ပါတယ်ဘုရား)၊ လုပ်တာက ဘာတုံး–**ခန္ဓာ**၊ ခန္ဓာဖြစ်သွားပြီ၊ ဝေဒနာ, သညာဖြစ်သွားပြီလေ၊ သံ–ခံလေ၊ **အကုသလော ဟေတု သမ္ပယုတ္တကာနံ ခန္ဓာနံ ဟေတုပစ္စယေန ပစ္စယော။** အဲဒါက–**သညာ**၊ နာမ်ခန္ဓာနော်၊ ခုဒီလို ယူလိုက်တယ် ဆိုရင် ရုပ်ဖြစ်သွားပြီ၊ ဘာဖြစ်သွားတုံး (ရုပ်ဖြစ်သွားပါတယ် ဘုရား)၊ အဲဒါ စိတ္တ–သ–ရူ၊ မဟုတ်ဘူးလား(မှန်ပါ့ဘုရား)၊ **စိတ္တသမုဋ္ဌာနာနံ ရူပါနံ**–အဲဒါက ပါဠိ၊ မြတ်စွာဘုရား ဉာဏ်၊ သူကဟောတာ။

အဲဒါဘယ်ဟာရတုံး၊ အကုသိုလ်ဆိုရင် ခိုးတာ၊ သူတကာ့ဟာ ယူတာရတယ်၊ မဟုတ်ဘူးလား(မှန်ပါ့ဘုရား)၊ နွားတို့, ခွေးတို့, ကြက်ကလေးတို့ကျတော့ သတ်တာရတယ်၊ ခွေးလေးကို ဓားနဲ့ခုတ်လိုက်တာ၊ သူ့ဝက်သားချက်တွေစားလို့ နောက်ထပ်ချက်လိုက်ရင် ပြီးတာပဲ၊ ကိုယ့်မှာ အကုသိုလ်တွေ ဖြစ်ကုန်တယ်၊ ဟုတ်ကဲ့လား(မှန်ပါ့ဘုရား)၊ အဲလိုမိုက် တာက–**ဗာလာနံ**၊ ပုထုဇဉ်က လူမိုက်ခေါ်တယ်၊ အဲလို သတ်တယ်မဟုတ်လား(မှန်ပါဘုရား)၊ အရိယာက သတ် သေးလား(မသတ်တော့ပါဘူးဘုရား) အဲလိုကွဲတာ၊ အဲဒါလေး ဆိုကြည့်။

**သမ္ပယုတ္တခန္ဓာ–'သညာ'**က ဟိုနားမှာဘာထား တယ်, ဒီနားဘာထားတယ်တို့ဆိုတဲ့ သညာမရှိဘူးလား (ရှိပါတယ်ဘုရား)၊ ရလိုက်ရင် ကောင်းမှာဆိုတဲ့ဝေဒနာ မရှိ ဘူးလား(ရှိပါတယ်ဘုရား)၊ အဲဒါယူလိုက်တာ, သင်္ခါရ မဖြစ်ဘူးလား(ဖြစ်ပါတယ်ဘုရား)၊ သိတာက ဝိညာဏက္ခန္ဓာ မဟုတ်ဘူးလား(မှန်ပါ့ဘုရား)၊ လူသေကောင်က သိသေး လား(မသိတော့ပါဘူးဘုရား)၊ သိတာက ဘာခန္ဓာတုံး (ဝိညာဏက္ခန္ဓာပါဘုရား)၊ မှတ်တာဘာခန္ဓာတုံး (သညာ က္ခန္ဓာပါဘုရား)၊ အဲဒီ့ အကုသိုလ်ခန္ဓာတွေ ဘာတွေကြောင့် ဖြစ်သတုံး(လောဘ, ဒေါသ, မောဟကြောင့်ပါဘုရား)၊ **အကုသလာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ**၊ ဒါပဲ။

**အကုသလာ ဟေတူ စိတ္တ–သ–ရူ**၊ နောက်က စိတ္တ–သ–ရူက–**ရုပ်**၊ ဒကာမကြီးတို့လားပြောစမ်း (မဟုတ်ပါ ဘူးဘုရား)၊ အဲဒီကတည်းက ဟန်နေပြီ၊ ဒကာမကြီးတို့ မဟုတ်ဘူး၊ ပဋ္ဌာန်းအကြောင်းအကျိုးပဲ၊ ဒိဋ္ဌိ, ဝိစိကိစ္ဆာမရှိဘူး၊ ဒါ ကြားရုံလေးနဲ့ သောတာပန်ဖြစ်သွားပြီ၊ နောက် လောဘ တွေ, ဒေါသတွေသာမရှိနဲ့၊ အဲဒါတွေ **'န ဟောတိ'**ဆိုရင် ဘယ်သွားတုံး(နိဗ္ဗာန်သွားပါတယ်ဘုရား)၊ ကဲ ဝမ်းထဲမှာ, ကိုယ့်မှာ ရှိမရှိကိုကြည့်၊ လိုချင်သလား, မလိုချင်ဘူးလား၊ သတ်ချင်သလား, မသတ်ချင်ဘူးလား၊ မဟုတ်ဘူးလား (မှန်ပါ့ဘုရား)၊ သတ်ချင်တာ ဘာခန္ဓာတုံး (သင်္ခါရက္ခန္ဓာပါ

ဘုရား)၊ အေး သင်္ခါရက္ခန္ဓာ–ဆန္ဒတို့။

အဲဒီ ပဋ္ဌာန်းထဲမှာတရားရှာရတယ်၊ သို့မို့လို့ရှိရင် ဒကာမကြီးတို့ ရှာတာတွေ့သလား(မတွေ့ပါဘူးဘုရား)၊ အခုတော့ မတွေ့ဘူးလား, တွေ့သလား(တွေ့ပါတယ်ဘုရား)၊ အဲဒါလေးနဲ့ပဲ၊ အကု–စိတ္တ–သ–ရူ၊ ဟိုက အကု–ဗျာ–ပေ၊ **အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော၊ ‘ဟောတိ’** ကတော့ ထည့်ပေးရတယ်၊ ဟုတ်ကဲ့လား(မှန်ပါဘုရား)၊ အဲသလိုသိပေး၊ စိတ္တသမုဋ္ဌာနနဲ့ သမ္ပယုတ္တခန္ဓာကွဲပြီလား(ကွဲပါပြီဘုရား)။

ဟိုက လောဘဆိုလို့ရှိရင် သမ္ပယုတ္တခန္ဓာက ဘယ်နေရာဘာရှိတယ်နဲ့ အမှတ်အသားမရှိဘူးလား (ရှိပါတယ်ဘုရား)၊ နွားဘယ်နေရာ ခြေရာချတယ်လို့ ညနေကလာကြည့်ရတယ်၊ မဟုတ်ဘူးလား(မှန်ပါ့ဘုရား)၊ တစ်ပါးသီလလေ၊ ညနေကလာကြည့်တော့ နွားကြီးက စံပယ်ကြီး၊ စံပယ်ဆိုတာ သိလား–ဖြူပြာကြီး၊ စံပယ်တောင် မသိပါဘူး–နွားစံပယ်၊ ဖြူပြာကြီး၊ ဖြူပြာ မူယာသူဇာတွေနဲ့ တစ်ခါတည်းဒါလည်းမရပါဘူး၊ တစ်ခါတည်း ဝဝကြီး၊ လူချမ်းသာသူဌေးအိမ်ကြီးကို၊ တစ်ခါတည်း ဟိုဟာကလည်း ညနေကတည်းက လာကြည့်တာ။

အဲဒီဒကာကြီးကလည်း သူဌေးကြီး၊ သူကလည်း မယားငယ်ငယ်လေး၊ အသက်(၃၀)လောက်၊ ဟိုက၆၀–၇၀၊ အဲဒါနဲ့ ဘာပေးညာပေးနဲ့၊ ဟိုကလည်း ကပ်တောင်းတယ်၊

ရနေပြီ၊ ဝယ်ပေးမယ်, မင်းမပူပါနဲ့, ဘာနဲ့ညာနဲ့၊ နောက် သန်းခေါင်လောက်ကျတော့ အဲဒီအောက်ထဲဆင်းသွားတယ်၊ အဲဒီသူခိုးကြီးနဲ့တွေ့ရော၊ ဟာ လက်ကိုဆွဲထားတာ၊ ဟိုက သူ့ကို အဲလိုမလုပ်လိုက်ရင် အော်လိုက်မှာ၊ ဟ အော်ချင် ရင်အော်, ခင်ဗျားအော်ပေမယ့် ကျုပ်ကတော့ သီလခံလာ ခဲ့လို့မလုပ်ပါနဲ့,ဒါတော့ ကျုပ်ကမလုပ်ဘူးဗျာ, ဘာဗျာနဲ့ ဟိုက ပြောနေတယ်၊ အဘိုးကြီးက အိမ်ပေါ်ထပ်ကကြားနေရတယ်၊ ဟင် မရဘူး, မရဘူး သူ့ယူရမယ်၊ ဟာ မယူပါရစေနဲ့ဗျာ, ကျုပ်က သီလ, သမာဓိရှိတဲ့ ဘုန်းကြီးထံက သီလခံလာတယ်၊ တစ်ပါး–**ကာမေသုမိစ္ဆာစာရာ ဝေရမဏီ၊** ဆိုစမ်း (ကာမေသု မိစ္ဆာစာရာ ဝေရမဏီ)၊ လောဘ၊ ဒေါသ၊ မောဟထဲမှာ အဲဒါဘာတုံး(လောဘပါဘုရား)။

‘**လောဘ**’က ငြိကပ်နေတယ်၊ လောဘက ဘာတုံး (ငြိကပ်နေပါတယ်ဘုရား)၊ ဘယ်သူကငြိကပ်တုံး(လောဘက ငြိကပ်ပါတယ်ဘုရား)၊ ဒကာမကြီးတို့ ငြိကပ်တာလား, လောဘကငြိကပ်တာလား (လောဘကငြိကပ်တာပါဘုရား)၊ အဲလိုခွာပစ်ရတယ်၊ ကိုယ့်ကိုယ်ကိုမှာငြိကပ်လာလို့ရှိရင်– ငါမဟုတ်ဘူး, အကုသလာ ဟေတူ စိတ္တသမုဋ္ဌာနာနံ ရူပါနံ၊ ဟိုက သူခိုးလို့, နွားခိုးလာတဲ့သူလို့ မမှတ်ဘူး၊ လူတုတ်ကြီး, ကာကဗလတောင့်တဲ့ လူတုတ်ကြီး, သျှောင်ထုံးကြီးနဲ့၊ အဲလို မှတ်ထားတာ။

သူခိုးလို့မမှတ်ဘူး၊ ယောက်ျားကို, ဘယ့်နှယ့်သူခိုးလို့ ရိပ်မိသလား (ရိပ်မိပါတယ်ဘုရား)၊ နင်တို့ သညာသတ္တိကို သိပြီလား (သိပါပြီဘုရား)၊ အဲဒါ–**သမ္မုယုတ္တခန္ဓာ**၊ ဘာခန္ဓာတုံး (သမ္မယုတ္တခန္ဓာပါဘုရား)၊ အောင်မာ သူတကာ့ကို တရား ဟောရင် အဲလိုကျကျနနဟောမှ၊ ဘာမှန်းညာမှန်းသိအောင်၊ ဟိုက သျှောင်ထုံးကြီးနဲ့, ပုဆိုးခါးတောင်းကျိုက်ကြီးနဲ့, ပေါင် တွေမှာ ထိုးကွင်းတွေနဲ့, တစ်ခါတည်း ကျားကျားလျားလျားကြီး။

နွားခိုးမယ်လို့ ဖြုတ်နေပါပြီ၊ ဒကာမကြီးက အပေါ် ထပ်ကဆင်းလာတယ်၊ တစ်ခါတည်း လက်ဆွဲပြီးတော့သူ့ကို ယူပါတဲ့၊ မယူဘူး၊ ငါအော်လိုက်မှာ၊ အော်တဲ့၊ တစ်ခါတည်း အဲလိုပဲ၊ ဟို အပေါ်ထပ်က ဒကာကြီးကကြားတယ်၊ လိုက်– ဝိုင်းလိုက်စမ်းကွာ, ဖမ်းလိုက်စမ်းကွာလို့ ဆွဲလိုက်တော့ တစ်ခါ တည်း အပေါ်တက်လာတယ်၊ သူက မရှိလို့သာခိုးစားတာတဲ့၊ သူ့မှာ သီလတော့ရှိတယ်၊ သူမကတော့ တစ်ခါတည်း မာယာများတယ်, သွားသွားနှင်ထုတ်လိုက်, အပေါက်ပိတ်ထား လိုက်, အိမ်ဝိုင်းအပြင်ဘက်နှင်ထုတ်, တံခါးပိတ်ထားလိုက်, မလာစေနဲ့၊ တပည့်တွေက တောင်းပန်သေးတယ်၊ မရဘူး။

ဒကာကြီးကလည်းတော်တော်ပြင်းထန်တယ်၊ ရိုးသား တာ တကယ်ကြိုက်တာ၊ ဟိုကလည်းရိုးရိုးသားသားပဲ၊ ကျွန်တော်မရှိလို့ပါတဲ့၊ မရှိလို့ခိုးရတာ, ရှိရင်မခိုးပါဘူးတဲ့, ဘာနဲ့ပဲ၊ အေး ဟုတ်တယ်၊ အဲလိုဆိုတော့ ဒီမှာရှိတဲ့ပစ္စည်း

မှန်သမျှ မင်းအုပ်ချုပ် ယူတော့ကွာ၊ ငါအသာပဲနေတော့မယ်၊ မပတ်ဘူးလား၊ ချမ်းသာမသွားဘူးလား (ချမ်းသာသွားပါတယ်ဘုရား)၊ အဲဒါဘာလို့ ချမ်းသာတုံး–ရှောင်လို့၊ **ဝေရမဏီ–**ရှောင်၊ **ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ၊** အဲဒီလို အကြောင်းအကျိုးတွေ သိရတယ်၊ အဲဒါကြောင့် သူချမ်းသာလာတယ်။

ဒကာမကြီးတို့လည်း အဲဒါကြောင့် ချမ်းသာနေတာ၊ သွားသာ လုပ်လိုက်လို့ကတော့ဖြင့် ဟို ဒကာကြီးက နှင်ထုတ်လိုက်လို့ ဒကာမကြီးထွက်ပြေးရပြီး ဘယ်နေရမှန်းမသိဘဲနဲ့ တစ်ခါတည်း ဒုက္ခမရောက်ဘူးလား, ရောက်သလား (ရောက်ပါတယ်ဘုရား)၊ လောကဆိုတာ အဲဒီလို ပဋ္ဌာန်းတရားတွေ၊ ဘာတရားတွေတုံး (ပဋ္ဌာန်းတရားတွေပါဘုရား)၊ အဲလိုပြောတတ်ရင် အဲလိုဖြစ်သွားတယ်၊ နိဗ္ဗာန်လည်း ရောက်တယ်၊ မရောက်ဘူးလား (ရောက်ပါတယ်ဘုရား)၊ ရိုရိုသေသေလုပ်၊ ဟုတ်ကဲ့လား (မှန်ပါဘုရား)။

နောက်တစ်ခုကျတော့ နှစ်ခုလုံးတွဲလိုက်တယ်၊ ဒါကြောင့်–**အကု–အကု–ဗျာ–ပော၊** အဲဒါ ပါဠိစီလိုက်စမ်း (အကုသလော ဓမ္မော အကုသလဿ အဗျာကတဿ ဓမ္မဿ ဟေတု ပစ္စယေန ပစ္စယော)၊ အဲဒီဟာကျတော့– **အကုသလာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ၊** နှစ်ခုလုံးသွားလိုက်တာပဲ၊ အဲဒါ အကုသိုလ်ရော, အဗျာကတရောကိုကွ၊ မပတ်ဘူးလား

(မှန်ပါ့ဘုရား)၊ ဒကာမကြီးတို့ ကွဲသလား (ကွဲပါတယ်ဘုရား)၊ အဲဒါလေးကွဲတာတောင် ပထမတန်းဖြစ်တယ်၊ အကုသိုလ်နဲ့ အဗျာကတလေ။

'**အဗျာကတ**'မှာလည်း–စိတ်အဗျာကတ, ရုပ်အဗျာကတ, ကိရိယာဗျာကတ၊ ဘယ်နှစ်ခုတုံး (သုံးခုပါဘုရား)၊ အေး အဲသလို၊ ဝိပါကာဗျာကတာ, ကိရိယာဗျာကတာတွေကျတော့ မနောဒွါရာဝဇ္ဇန်းတို့, အဟိတ်ကိရိယာတွေပါတယ်၊ ဟုတ်ကဲ့လား (မှန်ပါ့ဘုရား)၊ ဟို ကိရိယာတွေကျတော့ ဘုရား,ရဟန္တာတွေပါတယ်၊ ဒါလေးတင်ပဲ တော်တော်ဟုတ်ပါပြီ။

**အကု–အကု–ဗျာ–ဟေ၊** အဲဒါပါဠိစီလိုက်စမ်း–(အကုသလော ဓမ္မော အကုသလဿ စ အဗျာကတဿ စ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော)၊ အဲဒီ အကုသလဿ ဓမ္မဿ ကျတော့–'**သမ္ပယုတ္တ ခန္ဓာ**' ကိုကောက်၊ အဗျာကတဿ စ ဓမ္မဿကျတော့–'**စိတ္တ သမုဋ္ဌာနာနဉ္စ ရူပါနံ**' ကိုကောက်။

**အကုသလာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တ သမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။ ။**

အဲဒါ သုံးပုဒ်ပြီးသွားတာပဲ၊ ရိပ်မိပြီလား (ရိပ်မိပါပြီဘုရား)၊ အေး အဲသလိုသွား၊ အဲဒါကို အဓိပ္ပါယ်ဖော်ရတယ်၊ '**စိတ္တသမုဋ္ဌာန**' ဆိုတာ လက်ကလှုပ်တာနော်, ရုပ်နော်၊

ရုပ်ကဘာဝတရားတုံး (အဗျာကတ တရားပါဘုရား)၊ အဗျာကတတရားဆိုတာ ကုသိုလ်, အကုသိုလ် ဟုတ်သလား (မဟုတ်ပါဘုရား)၊ ဒကာမကြီးတို့လည်း ကုသိုလ်, အကုသိုလ်သာ မဟုတ်နဲ့, အဗျာကတနဲ့ သာနေ၊ ဘာရမတုံး (နိဗ္ဗာန်ရပါမယ်ဘုရား)၊ ရဟန္တာတောင်ဖြစ်တယ်၊ အဲဒီထဲမှာ ဝိမုတ္တိလည်းရှိတယ်၊ အဗျာကတနဲ့သာနေ၊ ဟုတ်ကဲ့လား၊ ရိပ်မိလား (ရိပ်မိပါပြီဘုရား)။

စိတ်မဆိုးနဲ့, သူတကာ့ကို စိတ်မတိုနဲ့, ဒေါသမဖြစ်နဲ့၊ စိတ်တိုရင်–**'အကုသလော ဓမ္မော'** ဖြစ်သွားမယ်၊ မဟုတ်ဘူးလား (မှန်ပါ့ဘုရား)၊ ပြီးတော့**'သညာတွေ'**က ဘယ်သူဘယ်ဝါတို့ဖြစ်သွားမယ်၊ **'ဝေဒနာ'** ကခံစားမှုတွေပေါ်လာမယ်၊ မဟုတ်ဘူးလား၊ ဒါ–**သမ္ပယုတ္တကာနံ ခန္ဓာနံ၊** ပြီးတော့လူက ငြိုးပြီးတော့ ထိုးချင်လာတယ်–**စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ၊**စိတ်တိုတဲ့သူတွေ အဲဒါမှတ်ထား၊ သူတကာသွားထိုးပြီးမှ မှားတယ်လို့ဖြစ်သွားမယ်၊ ကိုယ်ကလက်ထိပ်ကြီးနဲ့ ဖြစ်သွားမယ်၊ ကဲတော်ကြဦးစို့။

သာဓု ... သာဓု ... သာဓု

သတ္တဝါမရှိဟူသော အသိသည်သာလျှင် လိုရင်းဖြစ်သည်။

**အကုသိုလ်ဟိတ် သစ္စာလေးပါး တရားတော်**

**ကျေးဇူးတော်ရှင် ဓမ္မာနုပဿနာ ပစ္စက္ခုဆရာတော်ဘုရားကြီး**

**ဘဒ္ဒန္တ ဣန္ဒောဘာသ မဟာထေရ် (အနိစ္စဆရာတော်) ၏**

**ဆုံးမဩဝါဒ သံပေါက်လင်္ကာများ**

**သိတာကနာမ်၊ ထိုင်တာကရုပ်၊ နာမ်ရုပ်**

- သိတာကနာမ်၊ မသိတာကရုပ်၊ သိတဲ့နာမ်မှာလေးမျိုးထုတ်၊ ယောက်ျား မိန်းမ မဟုတ်၊ အဲဒါ ဒိဋ္ဌိပြုတ်။
- လူမရှိ နတ်မရှိ၊ ရှိတာနာမ်ရုပ်ပေ၊ မရှိတာ အသာနေ၊ ရှိတာ ရှာဖွေ၊ နာမ်က္ခန္ဓေ ငြိမ်ငြိမ်နေ၊ အဲဒါမှ ဒုက္ခအရှိန်သေ။
- လူဟုမယူ နာမ်ရုပ်ယူ ထိုသူ ဥပါဒါန်ကင်းသတည်း။ ဥပါဒါန် ကင်း ကံတွေကင်း ဇာတိ စသည်ပါကင်းသတည်း။
- မသိတခြား သိတခြား နှစ်ပါးရုပ်နဲ့နာမ်။ မသိ အသိ ပေါင်း ဖက်မိ သက်ရှိထင်လေပြန်။ အသက်မဟုတ်နာမ်နဲ့ရုပ် တွဲ၍ လုပ်ရဟန်။ သဘောမသိ လူတွေရှိ ဒိဋ္ဌိအစွဲသန်။
- အပြင်ဘက်မှာ ရုပ်သာရှိ၊ ကိုယ့်နာမ်ကသွား၍သိ၊ စိတ်မှာ ဖျက်ဆီးဘိ။
- အကြောင်းညီညွတ် အဟုတ်မှန်သော်၊ ရုပ်နာမ်ခေါ်တရား၊ ပစ္စုပ္ပန်ထင်ရှားသာပ၊ ဖြစ်ပွားလို့ ပျောက်ကွယ်၊ မြင်အရှိ ခဏတကယ်ကို အသိနယ်ကျော်လွှား၍ မော်ကြွားကြ သူငါ ထင် ရုပ်နာမ်မမြင်၊ 'ငါ'အရှိ 'ငါ'အသိထင်တယ်၊ အတ္တဝင် ဒိဋ္ဌိဖြစ် သလေး။
- မြင်ကြားပျောက် သိပြတ်စင်အောင် ရှိခဏတွင်သိရပ်စို့လေး။

---

**'သီရိဂေဟာ'** အီလက်ထရောနစ်မှ ရိုက်ကူးတည်းဖြတ် ပူဇော်ပါသည်။
အမှတ် ၁၈၀-၁၈၂၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်။ ဖုန်း -၀၁-၃၇၄၈၆၈။

**မအေးမြတ်စုမှ ရေးသားပူဇော်ပါသည်။**